
www.burmeseclassic.com

ရွှေနိုင်ငံ
စာပေ
ဖြန့်ချိရေး



ကျွန်းစောင့်သခင် နတ်စောင်းရှင်

# ဦးရှင်ကြီး

(တင်မြှောက် ပသနည်းနှင့် လက်တွေ့အကျိုး)

မနတ်ကိုကိုဇော်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ (၁၀၀၀)၊ တန်ဖိုး ကျပ်

မျက်နှာဖုံးဒီဇိုင်း
မောင်ကျော်စိုး

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးမြှောင်မောင်ထွဋ် (စံထားမိုးအော့ဖ်ဆက်)
အမှတ်(၂၇)၊ မာန်ပြေ-၂၁ လမ်း(အရှေ့)၊ ၃ ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၇၃၀ ၂၀၁ ၇၁

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး
ရွှေနိုင်ငံ
ပိုစတာ၊ ပြက္ခဒိန်၊ စာပေဖြန့်ချိရေးနှင့်ပုံနှိပ်လုပ်ငန်း
အမှတ်(၈၃)၊ လမ်းမတော်အောက်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၃၀၁၂၃၀၊၀၁-၂၃၀၁၂၃၃၊ ၀၉၅၀၀၆၂၀၀၊ ၀၉၈၆၂၀၂၈၈

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

ဓနုတ်ကိုကိုဇော် ၉၂၀.၁
ကျွန်းစောင့်သခင် နတ်စောင်းရှင် ဦးရှင်ကြီး
(တင်မြှောက်ပသ၊နည်းနှင့် လက်တွေ့အကျိုး)
ကောင်းထွန်းစာပေ၊ ၂၀၁၃
(၁) ကျွန်းစောင့်သခင် နတ်စောင်းရှင် ဦးရှင်ကြီး
(တင်မြှောက်ပသ၊နည်းနှင့် လက်တွေ့အကျိုး)

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်းစောင်းသခင် နတ်စောင်းရှင်

**ရေငံပိုင်ဦးရှင်ကြီးအာဝေအကျဉ်း**

ရေငံပိုင်ဦးရှင်ကြီးသမိုင်းနှင့်ပတ်သက်၍ မိန်းမလှကျွန်းသည် မြစ်ဝကျွန်းပေါ်ဒေသတွင် အထူးထင်ရှားကျော်စောသော ကျွန်း ဖြစ်သည်။

မြန်မာစာပေအကွာရာတွင် 'မိန်လိ' ဟုရေးသား၍ အဓိပ္ပာယ်မှာ မြရာပင်များပေါက်သောကျွန်းဟု ဆိုလိုသည်။

၎င်းမိန်းမလှကျွန်း၏တောင်ဘက်တွင် ကျွန်းညိုကြီးဟုခေါ်သော ကျွန်းတစ်ကျွန်းလည်း ရှိသေးသည်။ ကျွန်းညိုကြီးတွင် ယခုအခါ၌ လူနေအိမ်ခြေစည်ကားလျက် ကျွန်းညိုဟု ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာမညတိုင်းတွင် မွန်လူမျိုးများ ကောင်းစားစဉ်အခါက ပဲခူးနယ် ကစင်ရွာ (အချို့က စည်တီးရွာဟု ခေါ်ကြသည်။) မှ ရှာသားမောင်ရှင်သည် အသက်အရွယ်ငယ်စဉ်အခါကပင် ဖခင်ဖြစ်သူ သူကြီးကွယ်လွန်သွားသဖြင့် ဆင်းရဲနွမ်းပါးစွာဖြင့် သူ၏ထူးချွန်စွာ တတ်မြောက်သော စောင်းပညာနှင့် အသက်မွေး၍ ငွေကြေးရှာဖွေကာ မိခင်မုဆိုးမကြီးဒေါ်ဖြူကို လုပ်ကျွေးရခဲ့ရှာသည်။

မောင်ရှင်ကို သာမဏေမပြုရသေးသောကြောင့် ဒေါ်ဖြူမှာ သူမ၏ခင်ပွန်း ကောင်းစားစဉ်အခါက သူမ၏အစ်မရင်းဖြစ်သူ ဒေါ်သူအား ငွေသုံးပိဿာ (ကျပ်ဒင်္ဂါး ၃၀၀) ချေးငှားထားခဲ့ဖူးသည်ကို သတိရမိလေသည်။

ယခုအခါတွင် ဒေါ်သူမှာ ကြွယ်ဝချမ်းသာနေပြီဖြစ်သဖြင့် သားကလေးမောင်ရှင်ကို ရှင်ပြုရန်အတွက် သွားရောက်တောင်းခံရာတွင် ဒေါ်သူက ကြွေးကိုမဆပ်သည့်ပြင် အမျိုးမျိုးနှိမ့်ချပြောဆိုကြိမ်းမောင်းလွှတ်လိုက်သည့်အတွက် မောင်ရှင်တို့ သားအမိနှစ်ယောက်မှာ ရှက်လည်းရှက်၊ စိတ်လည်းနာဖြစ်ကာ ဒလမြို့သို့ လာရောက်နေထိုင်ကြလေသည်။

သာမဏေဖြစ်လိုလှသည့် မောင်ရှင်သည် တစ်နေ့သောအခါ၌ ငွေကြေးရရှိရေးအတွက် မျောခုတ်သမား လှေထိုးသားအဖြစ်နှင့် မိန်းမလှကျွန်းသို့ လိုက်ပါသွားလေတော့၏။

(မှတ်ချက်။ ။ ဇာတ်သဘင်များ၌ ရေငုပ်ပိုင်နှင့်ရှင်ကြီးဇာတ်ကို တင်ပြရာတွင် မောင်ရှင်၏

www.burmeseclassic.com



အစ်ကိုဝမ်းကွဲတော်သူ ဒေါ်သူ၏သားရင်း မောင်ဖိုးအောင်ဆိုသူကိုပါ ထည့်သွင်းပြကြခြင်းမှာ ဇာတ်နာစေရန် ဇာတ်ပို့တစ်ဦးအဖြစ် ထည့်သွင်းကပြကြခြင်းသာ ဖြစ်လေသည်။ သို့သော် အဆင်ပြေပေသည်။

ထိုအချိန်တွင် မိန်းမလှကျွန်း၌ ကရင်မုဆိုးကြီးဦးတော်၏ သမီးပျိုလေးယောက်မှာ တောတွင်း၌ ကျားကိုက်၍သေရပြီး နတ်ဖြစ်၍စောင့်နေကြရသည်။

မောင်ရှင်တို့လှေသည် မိန်းမလှကျွန်းသို့ ရောက်ရှိလာရာ အခြားအလုပ်သမားများက အသီးသီး သစ်ခုတ်၊ ဝါးခုတ်၊ မျောခုတ် လိုက်သွားကြရသော်လည်း ထိုသို့ မလုပ်တတ်သူ မောင်ရှင်မှာမူ လှေစောင့်၊ ထမင်းချက်၊ ရေနွေးတည် စသည့်အလုပ်များကို လုပ်ရင်း လှေပေါ်၌ ကျန်ရစ်ခဲ့လေသည်။

တစ်နေ့တွင် မောင်ရှင်သည် လှေကိုစောင့်ရင်း နေရစ်ခဲ့ရာမှ အပျင်းပြေ စောင်းတီးသောအခါ မိန်းမလှကျွန်းကို စောင့်နေကြရသည့် အထက်ပါနတ်သမီးလေးဦးက သဘောကျပြီး မောင်ရှင်အား ဖြားယောင်းသွေးဆောင်ကာ နီးစပ်ယှဉ်ပါးအောင် ပြုယူကြလေသည်။

မောင်ရှင်သည် ရိုးသားသူဖြစ်သဖြင့် နတ်သမီးလေးဘက်ကို လူမိန်းကလေးများဟု ထင်မှတ်ကာ လူပျိုလူရွယ်ကလေးတို့၏ သဘာဝအရ တိမ်းညွတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မိမိမှာ ရှင်လည်းမပြုရသေး။ မအေတစ်ခုသားတစ်ခုဘ၀တွင် မိခင်မုဆိုးမကြီးကိုလည်း မခွဲခွာနိုင်သဖြင့် တိမ်းညွတ်သောစိတ်ကို ထိန်းသိမ်း၍သာနေရရှာလေသည်။

ရက်များကြာညောင်း၍ လှေပေါ်တွင်လည်း မျောများပြည့်ပြီဖြစ်သဖြင့် ထိုးဝါးနုတ်၍ လှေထွက်မည်ပြုသောအခါတွင်ကား လှေမှာ လုံး၀ ထွက်မရတော့ပေ။ အကြောင်းမူကား ထိုနတ်သမီးလေးယောက်က ၎င်းတို့၏ကမ္ဘဇိဒ္ဓိဖြင့် လှေကို ဆွဲထားသောကြောင့် ဖြစ်လေသည်။

ဤတွင် လှေသူကြီးက လှေပေါ်ရှိ လှေထိုးသားများအနက် တစ်စုံတစ်ရာ မှားယွင်းသူတစ်ဦးပါနေပြီဟုဆိုကာ မဲလိပ်နှိုက်စေ၏။ (ဤကျွန်းမှာ နတ်ကြီးသည်ဟူသောသတင်းစကားကို လှေသူကြီးက ကြားသိပြီးသား ဖြစ်၏။)

မဲနှိုက်ကြရာတွင် သုံးကြိမ်ဆုံးခါစလုံး မောင်ရှင်တစ်ဦးတည်း[illegible]သာ မဲကျနေသဖြင့် လှေသူကြီး၏အမိန့်ဖြင့် မောင်ရှင်အား အရှင်လတ်လတ် ရေထဲသို့ ပစ်ချလိုက်ရလေတော့သည်။

သို့ရာတွင် မောင်ရှင်မှာ ရေထဲသို့မကျမီပင် နတ်သမီးလေးဦးက မ,ချီလျက် ပျောက်သွားပြီး အရှင်လတ်လတ် နတ်ဖြစ်သွားတော့၏။

နတ်ဝတ်နတ်စားအစုံအလင်နှင့် စောင်းတော်ကို ပိုက်လျက် ရေထဲ၌ပေါ်လာသဖြင့် လှေသူကြီးနှင့်တကွ လှေထိုးသားအပေါင်း ပင် အံ့ဩနေကြသည်။

မောင်ရှင်ကြီးသည်ကား အသက်မသေပေ၊ ပူစင်စစ်က

www.burmeseclassic.com

www.burmeseclassic.com



နတ်ဖြစ်သွားသည်။ အချို့ကလည်း မောင်ရှင်ကြီး လူတစ်ပိုင်း နတ်တစ်ပိုင်းဖြစ်နေသည်ဟု ပြောကြလေသည်။ ဤတင်မှ မောင်ရှင်ကြီးနာမည်မှ (ဦးရှင်ကြီး) နတ်ဟု ခေါ်ဝေါ်လာကြသည်။

ပဥ္စကလျာနှင့် သခ်မာလာတို့သည် ဦးရှင်ကြီးအား ပွေ့ပိုက်ကာ လွန်စွာမှ လှပတင့်တယ်ဆန်းကြယ်သော ဖန်းသလွန်နတ်ကွန်းကြီး ဖန်ဆင်းပြီး မြင်ရရုံနှင့် ကြည်လင်စိတ်ရှိလာစေရန် အမျိုးမျိုး ဖန်ဆင်းပြီး ဦးရှင်ကြီးကို ထိုနတ်ကွန်းကြီးပေါ် စက်တော်ခေါ်စေလေသည်။

ထိုအခါမှ ပဥ္စကလျာနှင့်သခ်မာလာနတ်သမီးတို့သည် သူတို့အကြံ အောင်မြင်ကြ၍ အလွန်အကျူး အထူးဝမ်းမြောက်ကာ ကြည်နူးစွာဖြင့် ဦးရှင်ကြီးအား ကြည့်ရှု၍နေလေသည်။

ဦးရှင်ကြီးအနီးအနားမှာလည်း နိုးလာသည့်အခါ သစ်သီးမျိုးစုံစားသောက်ရန် ချထားကာ နတ်သမီးနှစ်ပါးသည် ဦးရှင်ကြီး၏အနားမှမခွာဘဲ နေကြလေသည်။

ဦးရှင်ကြီးသည် အိပ်ရာမှနိုး၍လာသောအခါ လွန်စွာမှ လှပသောနတ်ကညာနှစ်ယောက်ကို မြင်သဖြင့် အထူးဝမ်းမြောက်ဝမ်းသာ ကြည့်ရှုနေမိလေသည်။

ပဥ္စကလျာနှင့်သခ်မာလာနတ်ကညာနှစ်ယောက်ကား ချိုမြိန်သောမျက်နှာဖြင့် ချစ်ခင်သနားဖွယ်ရာသောစကားကိုသာ အသက်မပြတ် ပြောကြားနေပြီး ဤကျွန်းကြီးနှင့်တကွ ရေငံတဲပိုင်စိုးရန် တောင်းပန်စကား ပြောကြားလေ၏။

ဦးရှင်ကြီးသည် မိမိ အဘယ်ကဲ့သို့ ဖြစ်ပျက်လာရသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လှန်စဉ်းစားကြည့်မိရာ အကြောင်းစုံကို အကုန်မြင်မိ၍ မိမိ၏ မိခင်ကြီးအတွက် ဝမ်းနည်းလာကာ မျက်ရည်ကျလာကာ ငိုကြွေးရှာမိလေသည်။ ငါသည် ဖြစ်လေရာဘဝတွင် ပျော်ရွှင်ရန် ဝန်မလေးလှသော်လည်း ငါ၏မိခင်ကြီးကား ငါ၏အတွက် အသက်အန္တရာယ်ပင် စိုးရိမ်မိချေသည်။

လှပသော အသန္တီနတ်သမီးတို့ ငါ့အား အဘယ်ကဲ့သို့သော ရန်ညှိုးဖြင့် ပြုလုပ်ပါသလဲ။ ဤသို့ပြုလုပ်ခြင်းသည် ငါ၏မွေးမိခင်ကျေးဇူးရှင်ကြီးအား သတ်ပစ်သည်နှင့်တူတော့၏ဟုပြောကာ ဦးရှင်ကြီးမှာ မွေးမိခင်သည် သားအတွက်နှင့် ငိုကြွေးလူးလိမ့်နေရှာမည်ကို မြင်ယောင်မိကာ ဝမ်းနည်းစွာ ငိုမိရှာလေသည်။

ဦးရှင်ကြီးက နတ်ကညာများကို ပြောရှာသည်မှာ-

"ချစ်လှစွာသော နတ်ကညာတို့...ငါ့မိခင်ကြီးသည် ငါ့အတွက် ပူဆွေးဒုက္ခရောက်မည်မှာ ငါ မြင်ယောင်နေပေသည်။ ထိုသို့ပြုလုပ်သည်မှာ ငါ့မိခင်ကြီးအား နတ်ကညာတို့ သတ်ပစ်သည်နှင့်တူလှပေသည်တကား"

ထိုစဉ်တွင် ပဉ္စကလျာနှင့်သခ်ီမာလာတို့သည် ဦးရှင်ကြီးကို အမျိုးမျိုး တောင်းပန်စကားပြောကြားကြလေ၏။ ဘုရားနှမလေးများသည် မောင်မောင်၏စောင်းသံကို ကြားရသဖြင့် ဘုရားနှမလေးများမှာ မနေနိုင်၊ မထိုင်နိုင်ဖြစ်ကြ၍ မောင်မောင်အပေါ်ကို ချစ်မိသောကြောင့် ဘုရားနှမလေးများ ပြုမိပါသည်ဟု ပြောကြလေသည်။

ဦးရှင်ကြီးလည်း လူမိန်းမများထက် လှပစွာသော နတ်

www.burmeseclassic.com



ကညာနှစ်ယောက်က တောင်းပန်စကား ကြားရသောအခါ အလွန်အကျူး ချစ်ကြည်နူးရသောကြောင့် မိမိ၏ ကံစီမံရာအတိုင်း ဖြစ်ရသောကြောင့် ပဋ္ဌကလျာနှင့် သခ်မာလာအပေါ်အားလည်း စိတ်မဆိုးရက်နိုင်ဘဲ မေတ္တာသက်ဝင် အထူးချစ်ခင်၍လာသည်။

ဦးရှင်ကြီးသည် အစတွင် ပူပင်သောက ပရိဒေဝမီးတောက်လောင်ခဲ့သော်လည်း ယခုအခါတွင် ဤမိန်းမလှကျွန်းခေါ် ကျွန်းညိုကြီးသည်ကား အလွန်တရာမှ စိတ်ချမ်းသာကိုယ်ချမ်းသာနှင့် စိတ်အေးချမ်းဖွယ်ရာကောင်းသော ကျွန်းညိုကြီးပါတကားဟု တွေးတောမိကာ မိမိ၏အနားတွင်ရှိသော ချစ်လှစွာသော နတ်ကညာများနှင့် ပျော်မြူးနေလေသည်။

လှပသော နတ်ကညာနှစ်ယောက်သည် မျက်နှာကြည်ရွှင်သစ်လွင်လှပစွာ ဆင်ယင်ကြကာ ဦးရှင်ကြီးအား ချော့ကြမြူကြဖျော်ဖြေကြလေရာ ဦးရှင်ကြီးမှာ စောင်းတီးကာ နတ်ကညာများနှင့် အပျော်ကြီးပျော်၍ ပူပင်သောကမရှိဘဲ နတ်ကညာညီအစ်မနှစ်ယောက်နှင့် ပျော်မြူးကာ မိန်းမလှကျွန်းခေါ် ကျွန်းညိုကြီးပေါ်တွင် ပျော်ရွှင်စွာ နေထိုင်ကြလေသည်။

* * *

မောင်ရှင်ကြီး၏မိခင်ဒေါ်ဖြူမှာကား ညစဉ်အိပ်သောအခါ မကောင်းသောအိပ်မက်များသာ မက်နေသဖြင့် နေ့စဉ်မပြတ်သားအတွက် စိတ်မအေးနိုင်ဘဲ သားပြန်လာမည့်လမ်းကိုသာ မျှော်မှန်းကာနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သားလေးမောင်ရှင် လှေနှင့်စထွက်သည့်နေ့မှစ၍ စိတ်လက်များ မသာယာခဲ့ဘဲ နေ့စဉ်နှင့်အမျှ သားလေးအတွက် ပူပင်သောကဖြစ်နေမိရှာလေသည်။ မိမိ၏သားလေး စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် ဘေးမသီရန်မခဘဲ ပြန်လာပါစေဟု ဘုရားမှာ နေ့စဉ်မပြတ်ဆုမွန်ကောင်းများ တောင်းရှာလေတော့သည်။

လှေသူကြီးဦးတောသည် မိန်းမလှကျွန်းညိုကြီးမှ တအိအိနှင့် လှော်ခတ်လာကြသော ဒလမြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်လာလေတော့သည်။

ကိုဘိုးအောင်သည် လှေဆိုက်သည်နှင့်တစ်ပြိုင်နက် ကုန်းပေါ်တက်ကာ ဒေါ်ဖြူတို့ငှားသောအိမ်သို့ ဒိုယိုကာ အပြေးလာတော့သည်။ ကိုဘိုးအောင်သည် ညီလေးမောင်ရှင်အား ရေမှချခဲ့ရသည့်နေ့မှ လှေပေါ်တွင် ငိုယိုလာခဲ့သည်မှာ မျက်ခွံများပင်မို့မောက်နေရှာလေသည်။ ယခုမှ ညီဖြစ်သူမောင်ရှင်အတွက် ပိုမိုဝမ်းနည်းမိရှာလေ၏။ သွားစဉ်က ညီအစ်ကိုနှစ်ယောက် ပျော်ရွှင်စွာ အတူသွားခဲ့ရ၏။ ယခုမှာမူ ညီမောင်ရှင် မပါလာသည့်အတွက် ပို၍ ဝမ်းနည်းလာကာ အဒေါ်ဖြစ်သူ ဒေါ်ဖြူအား မည်သို့ပြောဆိုရမည်ကို မတွေးတောတတ်အောင် ဖြစ်နေမိရှာလေသည်။

ဒေါ်ဖြူသည် သားမောင်ရှင်လာမည့်လမ်းမှ မျှော်မှန်းနေစဉ် လှေကြီးပေါ်မှ သားလေးမောင်ရှင် ဆင်းလာသည်ကို မမြင်ဘဲ ကိုဘိုးအောင်နှင့် လှေသူကြီး ဦးထော လှေထိုးသားများသာလာသည်ကို တွေ့သောအခါ ရင်ထဲမှ တဒိန်းဒိန်းဖြင့် စိတ်မအေးနိုင်ရှာဘဲ ခရီးရောက်မဆိုက် တူဖြစ်သူကိုဘိုးအောင်အား မေးရှာ

www.burmeseclassic.com



သည်မှာ–

"ဟဲ့…မောင်ဘိုးအောင်၊ သားလေးမောင်ရှင်ကြီးကော လှေပေါ်မှာ နေရစ်ခဲ့သလား။ နေများကောင်းရဲ့လား…ဟင်၊ မင်းမျက်နှာတွေလည်း မကောင်းပါလား။ ဘာများဖြစ်လာသလဲ ပြောစမ်းပါ၊ သားနဲ့ရန်ဖြစ်ခဲ့သလား။ ငါ စိတ်ပူလွန်းလို့ မြန်မြန် ပြောစမ်းပါ"

ကိုဘိုးအောင်သည် သူ့အဒေါ်က မေးလေလေ မျက်ရည်တွေ တတွေတွေ ကျလေလေဖြစ်နေရှာကာ မပြောရက်နိုင်အောင် ဆို့နစ်ရှာတော့သည်။ နောက်ဆုံး အဒေါ်ဖြူအား ဖုံးအုပ်၍ရနိုင်သည့် ကိစ္စမဟုတ်သောကြောင့် ပြောရသည်မှာ ကိုဘိုးအောင်က–

"ဖြစ်သမျှအကြောင်းကို ကျွန်တော် ပြောပြပါမည်။ ကျွန်တော်တို့တတွေ မိန်းမလှကျွန်းညိုကြီးသို့ မျောခုတ်ဝင်၍ ညီမောင်ရှင်အား နုနယ်လှသောအဖြစ်ကြောင့် လှေတွင် ထမင်းချက်အစောင့်ထားခဲ့သည့်အချိန်မှာ ထမင်းချက်အပြီး စောင်းကို တီးမိလေသည်။ ကျွန်တော်တို့မှာ မျောခုတ်အပြီး မျောတုံးများကို လှေပေါ်တင်ပြီး အေးအေးသာသာ ထွက်လာရာ ရေလယ်မှာ အရောက် လှေကြီး တန့်ရပ်ပြီးထိုးခတ်လို့ မရသည့်အခါ၊ ထိုအခါတွင် မဲလိပ်သုံးကြိမ်ချရာတွင် မောင်ရှင်ကြီးမှာ မဲသုံးကြိမ် ကျ၍ ကမ်းပေါ်ကလည်း မကောင်းဆိုးဝါးများက တကျော်ကျော် ခေါ်၍ တစ်ယောက်အတွက်နှင့် လှေပျက်ကာ အားလုံးသေကြ မည့်ဘေးကြောင့် ရေလယ်မှာချကာနီးမှာ ညီမောင်ရှင်ကြီး အပြီး တိုင်မှာ သည်မှာမနေရ၍ ရေလယ်မှာ ချသည့်ကာလ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ပိုင်းနတ်တစ်ပိုင်း ဖြစ်ပါလိမ့်မည်၊ အကယ်၍ ကျွန်တော့် မိခင်လိုက်လာလျှင် စောင်းပိုက်လျက် ရွှေကညင်တောင်ပိုင်းက လူတစ်ပိုင်းနတ်တစ်ပိုင်း ကိုယ်ထင်ပြပါမည်ဟု မှာလဲပြီးရော ရေလယ်မှာ ချလိုက်သည်နှင့် နတ်ကညာလေးနှစ်ယောက်တို့က ပွေ့ပိုက်ယူငင်သွားသည်ကို ကျွန်တော်တို့ မြင်ခဲ့ပါသည်။ ညီ မောင်ရှင်ကြီးမှာ ရေလယ်မှာ နတ်ဖြစ်၍ ဆုံခဲ့ပါကြောင်း" ကို ကိုဘိုးအောင်သည် ဖြစ်ကြောင်းကုန်စင် ပြောပြရှာလေတော့သည်။

ဒေါ်မြူသည် သားမောင်ရှင်ကြီး ရေလယ်မှာ စတေးလိုက်ရသည်ဟု ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် တစ်ခါတည်း ငိုကြွေးကာ မေ့မြောသွားလေသည်။

ကိုဘိုးအောင်သည် ဒေါ်မြူ သားအတွက်နှင့် မေ့မြောနေသည်ကို မြင်တွေ့ရသောအခါ မိမိကိုယ်တိုင် ဘာလုပ်မှန်းမသိတော့ဘဲ လှေသူကြီးနှင့်တကွ အရပ်ကိုပါ အကူအညီတောင်းကာ ဝိုင်းဝန်းနှိပ်နယ်ပေးကြရလေသည်။

ဒေါ်မြူသည် သားမောင်ရှင်ကြီး သေဆုံးခဲ့ရသဖြင့် ယူကျုံးမရ အော်ဟစ်ငိုယိုကာ သူ၏သားမောင်ရှင် လှေမထွက်ခင်ညက မြင်မက်ခဲ့သော အိပ်မက်အကြောင်းနှင့် သားထွက်သည့်နေ့မှစ၍ အတိတ်နိမိတ်မကောင်းပုံများ လာမေးသောလူအများအားပြောကာ ဝမ်းနည်းစွာ ငိုကြွေးရှာလေ၏။ ဒေါ်မြူမှာ သားအတွက် နေ့စဉ်နှင့်အမျှ ငိုကြွေး၍သာ အချိန်ကုန်လွန်ခဲ့လေသည်။

မိမိတို့ရွာနေမှ ပစ္စည်းချို့တဲ့ရှာသဖြင့် သားအမိနှစ်ယောက် ဒလမြို့သို့ ပြောင်းရွှေ့လာရာ သားလေးမောင်ရှင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ပဋ္ဌာမြေလူး ရှုးမတတ်ဖြစ်ရပြန်လေ၏။ ရင်သွေးဟူက ချစ်မဝ ဟူသောဆောင်ပုဒ်နှင့်အညီ အမေတစ်ယောက်၊ သား တစ်ယောက် နှစ်ယောက်တည်းသာ အားကိုးမဲ့နေလာခဲ့ရာ ချစ်လှ စွာသော တစ်ယောက်တည်းသောသားလေး သေဆုံးရပြန်သည့် အခါ ဒေါ်ဖြူသည် အားကိုးရာမဲ့ဘဝတွင် နေရပြန်သည့်အခါတွင် ကျမျက်ရည်ဖြေမဆည်နိုင်ဘဲ ပူဆွေးငိုကြွေးနေခြင်းဖြင့်သာ အချိန်ကုန်နေပေတော့သည်။

ကိုဘိုးအောင်မှာ သူ့အဒေါ်ဖြစ်သူ ဒေါ်ဖြူအား နေ့စဉ်မပြတ် ပူဆွေးနေခြင်းဖြင့်သာ အချိန်ကုန်နေခြင်းဖြင့် မောင်ရှင်ကြီးအား ချစ်ရာမရောက်ဘဲ နှစ်ရာသာရောက်နေမည်ဖြစ်ကြောင်း မောင်ရှင် ကြီး ကောင်းရာသုဂတိသို့ရောက်ရန် သံဃာတော်များပင့်၍ ဆွမ်း လုပ်ကျွေးပြီး အမျှအတန်းဝေရန် ဒေါ်ဖြူအား အကြံပေးစကား ပြောကြားလေသည်။

ကိုဘိုးအောင်ပြောမှပင် ဒေါ်ဖြူသည် သားအတွက် သရဏဂုံ မတင်ရသေးသည်ကို သတိရကာ မိမိသား သေဆုံးခဲ့ သော မိန်းမလှကျွန်းညိုကြီးသို့သွား၍ သားအတွက် သရဏဂုံတင် လိုကြောင်း သားမောင်ရှင်ကိုလည်း အစားအစာ ကျွေးမွေးလို ကြောင်း ပြောကြားရာ ဘေးပတ်ဝန်းကျင် လူအများကပင် ဒေါ်ဖြူ အား သနားကရုဏာသက်ကြ၍ ဝိုင်းဝန်းကူညီထောက်ပံ့ကြလေ သည်။

ဒေါ်ဖြူသည် လှေသူကြီးဦးတောကိုလည်း သူ့သားမောင်ရှင် ကြီး ရေလယ်မှာ ရေနစ်သေဆုံးခဲ့ရသည့်နေရာတွင် သံဃာများ

www.burmeseclassic.com

www.burmeseclassic.com



ပင့်၍ ဆရာအကျိုးတင်လိုကြောင်း၊ သို့ပါ၍ လှေနှင့်လိုက်ပို့ပါရန် မြောက်ကြားရာ လှေသူကြီးဦးဇောာမှာလည်း ယခုလို မိမိလှေနှင့် သွားခဲ့ မောင်ရှင်ကြီး သေဆုံးခဲ့ရသည့်အတွက် အခကြေးငွေ များမယူဘဲ ဒေါ်ဖြူအား မိန်းမလှကျွန်းညီကြီးသို့ လိုက်၍ပို့ရန် တာဝန်ယူလိုက်လေသည်။

* * *

ဦးရှင်ကြီးသည် မိခင်ဖြစ်သူ ဒေါ်ဖြူနှင့်တကွ ကိုဘိုးအောင် ပါလိုက်လာသည်ကို မြင်ရသောအခါ နတ်သမီးများနှင့် မပျော်ပိုက် နိုင်တော့ဘဲ ဘဝင်ကွဲမတတ် ငိုကြွေးရှာလေသည်။

မိခင်ဖြစ်သူ ဒေါ်ဖြူသည် လှေပေါ်မှ တကြော်ကြော်ခေါ် ကာ "သားရေ…သားရဲ့၊ လူလေးမောင်ရှင် အမေ လိုက်လာပြီ၊ သားမှာလိုက်၍ အမေ လိုက်လာပြီ။ အမေ့ကိုပါ တစ်ခါတည်း ခေါ်လှည့်ပါတော့" ဟု မိမိရင်ကိုထု၍ ငိုရှာလေ၏။

ဦးရှင်ကြီးသည် မိခင် ငိုကြွေးပူဆွေးနေသည်ကို မြင်ရလေ လေ မကြည့်ရက်အောင် သောကမီး ပရိဒေဝမီး တောက်လောင် ရှာလေ၏။

ဒေါ်ဖြူသည် သားမောင်ရှင်ကြီး သေဆုံးခဲ့သောနေရာမှာ ပင် ပင့်လာသော ရဟန်းသံဃာတော်များအား ဆွမ်းများလှူဒါန်း ဆက်ကပ်၍ သီလခံယူပြီး သားမောင်ရှင် ကောင်းရာသုဂတိ ရောက်ပါစေသားဟု အမျှအတန်းဝေရာ ဦးရှင်ကြီးနှင့်တကွသော နတ်ကညာများကပါ 'သာဓု…သာဓု…သာဓု' ဟု သုံးကြိမ်တိတိ

www.burmeseclassic.com

www.burmeseclassic.com



သာမုခေါ်ကြလေသည်။

ဒေါ်ဖြူသည် လှေသူကြီးနှင့်တကွသော လှေထိုးသား အပေါင်းတို့နှင့် ကိုဘိုးအောင်ကိုပါ မိမိသည် ဤနေရာ ဤဌာန သည် မိမိသား သေဆုံးခဲ့သော နေရာဌာနဖြစ်ခြင်းကြောင့် မိမိ တစ်ယောက်တည်းကို ကုန်းပေါ်တင်၍ထားခဲ့ပါရန် မိမိသေလည်း သားသေခဲ့သောနေရာမှာပင် သေပါရစေတော့၊ မိမိသားအနားမှာ ပင် သေတော့မည်၊ အမေဖြူကို ချထားခဲ့ပါတော့၊ ဘယ်နည်းနှင့် မှ မလိုက်တော့ဘူးဟု တစာစာ ပြောရှာလေ၏။

လှေသူကြီးနှင့် ကိုဘိုးအောင်တို့သည် ယခုမှ အခက်ကြုံ ပေတော့သည်။ မောင်ရှင်ကြီး ဆုံးပါးခဲ့သောနေရာသည်လည်း လူသူမနီးသောတောပင် ဖြစ်ချေသည်။ မလိုက်တော့ဘူးဟုပြော ဆိုစေကာမူ မထားရစ်ခဲ့နိုင်ပေ။

ကိုဘိုးအောင်နှင့်လှေသူကြီးတို့သည် အကြံများအိုက်ကာ နေလေတော့၏။ ကိုဘိုးအောင်မှာ အဒေါ်ဖြစ်သူ အမေဖြူအား သနားလည်း အသနားပို၍ အခက်ကြုံနေစဉ်မှာပင် အကြံရရာ အမေဖြူအား သားဖြစ်သူ မောင်ရှင်ကြီးကို ချစ်လျှင် ဤနေရာ၊ ဤဌာနတွင် နေစရာမလိုဘဲ မောင်ရှင်ကြီးကို ချစ်က မိမိကြိုက် တတ်သော အစာအာဟာရများကို ကျွေးမွေးပါရန် တိုက်တွန်းပြော ကြရကုန်၏။

ထိုအခါမှ အမေဖြူသည် မိမိသားမောင်ရှင်သည် ကြိုက်ရာ လက်ဖက်၊ ထန်းလျက်၊ အုန်းသီး၊ ငှက်ပျောသီး၊ ကောက်ညှင်း များ ကြိုက်တတ်ကြောင်း ပြောပြလေရာ အားလုံးသောလူများက

www.burmeseclassic.com

www.burmeseclassic.com



ပင် အမေဖြူအား ငှင်းအစားအသောက်များသည် ယခုပင် လေ့ပေါ်တွင် ပါပါသည်။ အမေဖြူ ကျေနပ်လောက်အောင် ကျွေးပါဟု ဝိုင်းပြောကြလေသည်။

အမေဖြူသည် အားလုံးသော လူအများကပြောသည့်အတွက် လင်ဗန်းထဲတွင် ကောက်ညှင်း၊ ငှက်ပျောသီး၊ အုန်းသီး၊ ထန်းလျက်၊ လက်ဖက်၊ ကွမ်းယာများကို ပြင်ဆင်ပြီး ဆီမီးတိုင်များ ထွန်းညှိကာ အမေဖြူအား မိမိကိုယ်တိုင် မိမိ၏သားကို ကျွေးမွေးရန် ပြင်ဆင်ထားပြီးသော လင်ဗန်းကို ပေးလိုက်လေ၏။

အမေဖြူသည် သားအား ကျွေးမွေးရန်ပြင်ပြီးထားသော အုန်း၊ ငှက်ပျော၊ ထန်းလျက်၊ ကွမ်းယာ၊ လက်ဖက် စသည့်ထားသောလင်ဗန်းကိုကိုင်လျက် ငါ့သားမောင်ရှင်ကြီး အမေသည် သားကြိုက်တတ်သော အစားအစာများကို အမေ ကျွေးမွေးပါသည်။ အမေ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိအောင် ကိုယ်ထင်ပြ၍ ထင်ထင်ရှားရှား စားပြလော့ဟုပြောကာ မောင်ရှင်အားကျွေးမွေးလေသည်။

ဦးရှင်ကြီးသည် မိခင်ရှေ့ဝယ် မားမားမတ်မတ် ကိုယ်တိုင်ရပ်ပြီး မိခင်ကြီးတစ်လှည့်၊ အစ်ကိုဖြစ်သူ ကိုဘိုးအောင်ကိုတစ်လှည့်ကြည့်ကာ ဝမ်းနည်းစွာ ငိုကြွေးရှာလေသည်။

မိခင်ဖြစ်သူ ဒေါ်ဖြူသည် သားကို မြင်လိုက်ရသည်နှင့်-

"အမယ်လေး သားရဲ့၊ မင်း အသေဆိုးနဲ့ သေရလေခြင်း အမေပါ လူ့ပြည်မှာ မနေတော့ဘူး။ အမေ့ကို တစ်ခါတည်း သတ်လိုက်ပါတော့ သားရယ်။ အမေ မနေတော့ဘူး အမေ

www.burmeseclassic.com

www.burmeseclassic.com



လူပြည်မှာ ဘယ်သူ့ကို အားကိုးရတော့မှာလဲ သားရဲ့။ အမေ့ကိုပါ ခေါ်ပါ။ အမေ မနေတော့ဘူး။ အမေ့လိပ်ပြာကို တစ်ခါတည်း နတ်လိုက်ပါတော့ဟုပြောကာ သားမျက်နှာကိုကြည့်ကာ ရင်ကွဲလု မတတ် လူးလိမ့်၍ငိုရှာလေ၏။

ဒေါ်ဖြူသည် လှေသူကြီးများဘက်ကြည့်ကာ ငါ ပြန် မလိုက်တော့ဘူး။ ငါ့ကိုသာ အမြန်သေအောင်လုပ်ပါတော့၊ ငါ့ သားနဲ့မနေရရင် ငါဟာ သေရတော့မှာပဲဟု ပြောဆိုကာ အတင်း အကျပ် ပြောဆိုနေတော့သည်။

မိခင်နှင့်သားတွေ့ပြီး ပူဆွေးဒုက္ခ ငိုကြွေးနေပုံကို မြင်တွေ့ ရသော လှေပေါ်ရှိ အားလုံးသောလူအများတို့မှာ မိခင်နှင့်သား တွေ့ရပုံကို မြင်ကြရ၍ များစွာ သနားကရုဏာတက်မိကြတော့၏။

ဦးရှင်ကြီးမှာကား သူ့မိခင်သည် သူ့အတွက်ဖြင့် စိတ်ဒုက္ခ ရောက်ပြီး ပူဆွေးနေခြင်းဖြင့် သေသောသူမှာလည်း ပြန်လာတော့ မည်မဟုတ်။ ဘဝ၏ကံ၊ အကြောင်းတရားအတိုင်း ဖြစ်လာကြရ သောသူများပင်ဖြစ်ရာ ကံစီမံရာကိုပင် ခံရမည့်လူသားများပင်ဖြစ် သောကြောင့် မိခင်ကြီးအား နှစ်သိမ့်စကား ပြော့ကြားရှာသည်မှာ

"မွေးသမိခင် ကျေးဇူးရှင် မိခင်ကြီးခင်ဗျား၊ ယခု ကျွန်တော်နေရတဲ့ဘဝဟာ အလွန်ပဲ ပျော်ပိုက်လှပါတယ်။ အမေ နဲ့အတူမနေရဘဲ ခွဲနေရတာတစ်ခုပဲ ကျွန်တော် ဝမ်းနည်းရာ ရှိပါတယ်။ ကျွန်တော်ဟာ ဤကျွန်းညိုကြီးနှင့်တကွ ဝိုးရတက် ရာအရပ်ဟူသမျှ ရေကင်းအထိ ပိုင်ပါတယ်။ ကျွန်တော့်ကို အမေ ဘယ်လိုပဲခေါ်ခေါ် ရွှေထမ်းစင်ကြီးနှင့် တင်ခေါ်ပါသော်လည်း

www.burmeseclassic.com



ကျွန်တော် မလိုက်နိုင်တော့ဘူး။ ကျွန်တော့်မှာ အလွန်လှပတဲ့ နတ်ကညာပျိုများနှင့် ပျော်ရွှင်စွာ နေထိုင်ရ၍ အမေလာမှပဲ အမေ့ကို သတိရလွမ်းဆွတ်မိပါတယ်။ အမေ့လိပ်ပြာကို နှုတ်ယူလိုက်သော်လည်း အမေ ဒီဘဝကို ရောက်ချင်မှရောက်မှာ ကိုယ်ရောက်ချင်သောဘဝကို ရောက်ရသည်မဟုတ်ပါ။ ကိုယ့်ရဲ့ကုသိုလ်ကံနှင့် ကိုယ်ဖြစ်လာရခြင်း ဖြစ်ပါတယ်။ ယခုလို အမေ အသက်ရှင်ပြီးနေမှသာ ကျွန်တော် အမေ့ကို လွမ်းရင် အဝေးကနေပြီး မြင်နိုင်ပါသေးတယ်။ အမေ သေသွားလို့ ကျွန်တော်နဲ့မနေရဘဲ တခြားဘဝမှာ ဘဝခြားပြီးဖြစ်သွားရင် အမေ့မျက်နှာကို ကျွန်တော် မြင်ရတော့မှာ မဟုတ်တော့ဘူးဟု နှစ်သိမ့်စကားပြောရှာလေ၏။

ထို့နောက်ဓာဖန် ဦးရှင်ကြီးက နှစ်သိမ့်ပြန်သည်မှာ အမေ ကျေနပ်တော်မူပါ။ ကျွန်တော်သည် ယခုအချိန်မှာဆိုလျှင် တန်ခိုးကြီးတဲ့နတ် ဖြစ်နေပါသည်။ အမေ့ အမြဲမပြတ် စောင့်ရှောက်မ,စသွားပါမယ်။ အမေ့စိတ်ထဲမှာ သားသမီးများ အိမ်ထောင်ကျ၍ အိမ်ခွဲသွားသကဲ့သို့သာ မှတ်ယူတော်မူပါ။ အမေ ကျွန်တော့်တ,ပြီးခေါ်လိုက်ပါလျှင် ကျွန်တော် တစ်ခါတည်း မိကျောင်းစီးပြီး ချက်ချင်းလာခဲ့ပါမယ်။ အမေ သားချစ်လျှင် အေးအေးပြန်ပါ။ ပူဆွေးဒုက္ခဖြစ်မနေပါနှင့်၊ အစ်ကို ကိုဘိုးအောင်ကလည်း အမေ့ကို စောင့်ရှောက်ပါဟု မှာကြားရှာလေသည်။

ပဥ္စကလျာနှင့် သခ်မာလာနတ်သမီးများက နှစ်သိမ့်စကားပြောသည်မှာ ကျေးဇူးရှင်မိခင်ကြီးရှင့်၊ မိခင်၏သား ဦးရှင်ကြီးမှာ ကျွန်မတို့ထံတွင် စိတ်မညှိုးငယ်စေရအောင် ကျွန်မတို့ကြည့်ရှု

www.burmeseclassic.com

www.burmeseclassic.com



စောင်မလျက်ထားပါသည်။ အန္တရာယ်ဘေးဟူသမျှကို ကြည့်ရှုဖယ်ရှားပါမည်။ မိခင်ကြီးသာ နေရင်း၌သာနသို့ စိတ်အေးချမ်းသာစွာဖြင့် ပြန်၍နေပါ။ ကျေးဇူးရှင်မိခင်ကလည်း သားကို ချစ်သောအားဖြင့် တစ်နှစ်လျှင်နှစ်ကြိမ် တန်ခူး၊ ကဆုန်လတစ်ခါ သီတင်းကျွတ် တန်ဆောင်မုန်းလတစ်ခါ ဆားအင်မပါစေဘဲ ကောက်ညှင်းထန်းလျက်၊ ကွမ်းယာ၊ လက်ဖက်၊ အုန်း၊ ငှက်ပျော်များကို သားချစ်အား တမ်းတ၍၊ ခေါ်၍ ကျွေးပါ။ မိခင်ကြီးကို ကျွန်မတို့ကိုယ်ကို ပြရမှာ လွန်စွာမှရှက်လှသောကြောင့် ဆံပင်မျှသာလင်းပြပါရစေဟု ပြောဆိုကာ ဆံပင်ကိုခင်းကာ အမေဖြူအားကန်တော့ကြလေသည်။ ၎င်းတို့၏ဆံပင်များမှာ မည်းနက်ရှည်လျားပြီး သင်းပျံ့မွှေးကြိုင်လှကြောင်းကို လေ့ပေါ်ရှိ လူအားလုံးပင်တွေ့မြင်လိုက်ရပေသည်။

ဦးရှင်ကြီးနှင့်နတ်ကညာပျိုများသည် အမေဖြူအားနှစ်သိမ့်စကားပြောဆိုကြပြီး အမေ့သားကို ချစ်လျှင် ပူဆွေးဒုက္ခဖြစ်မနေဘဲ အေးအေးပြန်ပါဟုပြောကာ ဦးရှင်ကြီးနတ်သည်ကွယ်ပျောက်သွားပြီ။ မိန်းမလှ ကျွန်းညိုကြီးထဲမှ ဦးရှင်ကြီးစောင်းသံနှင့်အတူ နတ်သမီးများ၏ သံပြိုင်သီချင်းဆိုသံကိုပါလူအများ ကြားလိုက်ရလေတော့သည်။

အမေဖြူသည် သားပြောသွားသောစကားနှင့် နတ်သမီးများပြောသွားသော စကားများမှာ အမှန်ဖြစ်သည့်အပြင် မိမိကသားအတွက် ပူဆွေးဒုက္ခ ငိုကြွေးနေသော်လည်း သူမှာ နတ်ကညာပျိုများနှင့် ပျော်ပါးနေထိုင်သည်ကို တွေ့မြင်ရ၍ ပူဆွေးဒုက္ခများ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအေးကာ စိတ်များကြည်လင်လာပြီး မိန်းမလှကျွန်းညိုကြီး ဘက်လှည့်ကာ ငါ့သားမောင်ရှင် အမေ သွားပြီ၊ အမေ သွားပြီ ကွယ်။ ငါ့သားသာ ဤမိန်းမလှကျွန်းညိုကြီးမှာ နတ်သမီးအချော အလှကလေးများနှင့် ပျော်ပါးစွာ နေရစ်ပေတော့ဟု မှာကြားပြော ဆိုပြီးသည်နှင့် ဒေါ်ဖြူတို့ လှေကြီးမှာ တက်ညီလက်ညီဖြင့် လှော်ခတ်ပြန်ကြလေတော့သည်။

* * *

ဒေါ်ဖြူသည် သားဦးရှင်ကြီးကို သတိရလွမ်းဆွတ်တိုင်း ကောက်ညှင်း၊ ငှက်ပျော၊ အုန်းသီး၊ ထန်းလျက်၊ လက်ဖက်၊ ကွမ်းယာတို့ဖြင့် မကြာမကြာတင်ရာ ဦးရှင်ကြီးသည် နတ်မိကျောင်း ကိုစီးကာ စောင်းတီး၍လာပြီးလျှင် မိခင် ကျွေးမွေးသော အစာ အာဟာရကို မားမားမတ်မတ် ကိုယ်တိုင်ရပ်ပြီး စားသောက် သုံးဆောင်ပြီး မိခင်ဒေါ်ဖြူအားလည်း မိမိအတွက်နှင့် ပူဆွေးဒုက္ခ ဖြစ်ပြီး ဒီကြွေးမနေရန် မှာကြား၍ မိမိမှာ ချစ်လှစွာသော နတ် ကညာများနှင့် ပျော်ရွှင်စွာ နေထိုင်ပြီး သုခစည်းစိမ်ရှိရှိနေရပါ သည်။

မိခင်ကြီးကားလည်း ကျွန်တော် ကျန်းမာချမ်းသာစွာ နေထိုင်နိုင်စေရန် အမြဲမပြတ် ကျွန်တော် ကြည့်ရှုစောင်မသွားပါ့ မည်။ အန္တရာယ်ဘေးအပေါင်းမှ ကင်းဝေးစေအောင် အစဉ်တစိုက် စောင့်ရှောက်သွားပါ့မည်ဟု ပြောဆိုကာ နတ်မိကျောင်းစီးပြီး စောင်းတီး၍ ပြန်သွားလေ၏။

www.burmeseclassic.com



ဒေါ်ဖြူသည် သားဖြစ်သူ ဦးရှင်ကြီးနတ်၏ ကြည့်ရှုစောင်မ သည်ဖြစ်ခြင်းကြောင့် ယခင် (ကဇင်းရွာ)မှလာစဉ်ကကဲ့သို့ ဆင်းရဲပင်ပန်းစွာ မဟုတ်တော့ဘဲ ယခုအခါမှာ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ တစ်နေ့တခြား ဒီရေအလားကဲ့သို့ စီးပွား များတိုးတက်ကာ ကျန်းမာချမ်းသာစွာဖြင့် ဒလမြို့တွင် နေထိုင် လေ၏။

ဒေါ်ဖြူ ကြီးပွားချမ်းသာ၍ ကျန်းမာစွာ နေထိုင်ရသည်ကို ပတ်ဝန်းကျင်လူအားလုံးများ မြင်ကြရ၍ ဒေါ်ဖြူအား မေးမြန်း ကြည့်သည့်အခါ မှန်သည့်အတိုင်း မကွယ်မဝှက်ဘဲ ဦးရှင်ကြီး နတ်ကို မပြတ်မလပ် တင်မြှောက်ပသသဖြင့် ယခုလို စီးပွား ဥစ္စာများ အပျက်အစီးမရှိဘဲ တစ်နေ့တခြား တိုးတက်သည့်အပြင် ဘေးအန္တရာယ်ဟူသမျှလည်း ပပျောက်ကြောင်းကို ပြောပြရာ အိမ်နီးနားတို့ကလည်း ဒေါ်ဖြူအား မိမိတို့လည်း တင်မြှောက်ပသ လိုကြောင်း ပြောကြားကြပြီး အိမ်တိုင်းအိမ်တိုင်း တင်မြှောက်ပသ ကြရာ ထိုသို့ တင်မြှောက်ပသသူတိုင်း ဘေးအန္တရာယ်များကင်း ပြီး ပစ္စည်းခနေများ တိုးတက်ကြောင်း သတင်းပျံ့နှံ့ကာ ဦးရှင်ကြီး နတ်ကို အိမ်တိုင်းအိမ်တိုင်း တင်မြှောက်ပသကြလေသည်။

ထိုအခါမှစ၍ ဒေါ်ဖြူကအစ ဦးရှင်ကြီးနတ်အား တင်မြှောက် လာကာ ဘေးပတ်ဝန်းကျင်လူအပေါင်းကိုပါ တင်မြှောက်ပသကြ ၍ ပစ္စည်းဥစ္စာလာဘ်လာဘများ တစ်နေ့တခြား တိုးပွားလာ၍ အန္တရာယ်ဘေးရန်အပေါင်းမှ ကင်းဝေးကြ၍ ထိုမှတစ်ဆင့် နယ်ပယ်ပျံ့နှံ့လာကာ ရေင်ပိုင်မြို့ရွာဒေသများပါ အထူးယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



ဈွာဖြင့် တင်မြှောက်ပသ ကိုးကွယ်ကြလေသည်။

ထိုအချိန်မှစ၍ ဦးရှင်ကြီးနတ်သည် ရေင်ပိုင်စာရိုး အုပ်စိုးရသည်ဟု ဆိုစမှတ်ပြုကြလေ၏။ အချို့က ညဦးပိုင်းတွင် တင်မြှောက်ပသကြ၏။ အချို့က နံနက်အရုဏ်တက်အချိန်တွင် တင်မြှောက်ပသကြလေသည်။ တင်သည့်အခါမှာ ကောက်ညှင်းဖြစ်စေ၊ မုန့်ဆန်းဖြစ်စေ တစ်ခုခု ရရာနှင့် အုန်းသီး၊ ငှက်ပျောသီး၊ ထန်းလျက်၊ ကွမ်းယာ၊ လက်ဖက်၊ ပန်း၊ ဆီမီးမြိုင်မြိုင်ထွန်း၍ အထက်နှစ်ပွဲ၊ အောက်နှစ်ပွဲ ပြင်ပြီး အောက်ပါအတိုင်း တင်မြှောက်ကြလေ၏။

(ဆွမ်းဒါယကာ ကျွန်တော်၊ ကျွန်မတို့က) အကောင်းဆုံးနေရာတင်ချီ၍ မနေရှင်ကြည်၊ အလီလီကန်တော့ပြီး တင်မြှောက်ဆက်ကပ်ပါသည်။ ကွန်းစင်ပေါ်နတ်နန်းသို့ လှမ်းတက်တော်မူပါ၊ ဒေဝါသခင် နတ်ဦးရှင်ခင်ဗျား။

www.burmeseclassic.com



## ဆွမ်းကပ်ရန်

မိန်းမလှခေါ်ဆို မြတ်ကျွန်းညှို့တွင်၊ လှူဗိုလ်အပေါင်း၊ ခဝပ်ညောင်းရသော၊ ရွှေစောင်းတော်သခင်၊ ဒြပ်ဖြိုးဝေသော နတ်ဦးရှင်ခင်ဗျား။

အစဉ်ရှေးက၊ ရာမညတိုင်း၊ မွန်တလိုင်းတို့၊ ညွှတ်ကိုင်းပသ၊ ပူဇော်ကြသဖြင့်၊ တွင်းပဘေးဒဏ်၊ ခပ်သိမ်းသောရန်ကို အမှန်ကင်းပျောက်၊ စောင့်ရှောက်တတ်စွာ၊ ကြီးတေဇာဖြင့်၊ အာဏာတန်ခိုး၊ ဒီရေတိုး၍၊ ဝေဖြိုးရောက်ရာ၊ မြန်နဂရာတွင်၊ မှန်စွာစိုးလျက်၊ ရှေးရိုးအစဉ်၊ မြတ်နှလုံးဖြင့်၊ ပြည်လုံးတင့်၍၊ ဆောက်ခွင်ခရိုင်၊ မိန်းမလှခေါ်ညွှန်း၊ စံတော်ကွန်းက၊ ကျွန်းညှိုနိုင်သခင်၊ နတ်ဦးရှင်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



ရသာအမြတ်၊ ဖြူစင်လတ်သည့်၊ နတ် ကောက်ညှင်းနှင့်၊ သန့်ရှင်းသေချာ၊ အုန်းငှက်ပျောတွဲ၊ ကန်တော့ပွဲဆင်နွဲကာဖြင့်၊ ဖြူးကာပေါက်ပေါက်၊ လက်ဖက်ရွှေဖီ၊ ဆားမသီ ဆီမနှောပဲ၊ မောက်မောက်စုပုံ၊ ရွက်မြညှာ၊ ကွမ်းနဝါ၊ ရာတော်စုံတို့ဖြင့် မွှေးထုံပျံ့သင်း၊ ဒေါနု၊ သဇင်၊ ပန်းတော်ဝင်တို့ကို၊ စီရင်ခင်း လျက်၊ လျှံဝင်းဆီမီး၊ ထိန်ထိန်ညီးလို့၊ ကျောင်းကြီးဝိဟာ၊ နိမ့်မြင့် မယွင်း၊ ပွဲစုံကျင်း၍၊ သန့်ရှင်းစွာဖြင့် (ဆွမ်းဒါယကာ သား၊ သမီး) အိမ်သားတစ်စုတို့က တင်မြှောက်ဆက်ကပ်ပါသည်။ ကျွန်းညိုမြ၊ အထိမဟာဝနေက၊ တပည့်သဟာရ အပေါင်းအဖော် တစ်စုနှင့်။ စောင့်းတော်ရတနာ ဗေလုလက်တော်က ဆွဲ၍ ကြွလှမ်းကာ၊ တင်ဆွမ်းယမကာကို၊ ရှင်လန်းစွာ ဘုန်းပေး သုံးဆောင်တော်မူပါ၊ ကျွန်းညိုသခင် နတ်ဦးရှင်ခင်ဗျား။

BURMESE CLASSIC

## ဆုတောင်းခြင်း

ပင်လယ်သီခေါင်၊ ကျွန်းညိုဘောင်တွင်၊ ဂုဏ်ရောင်လျှံ ညီး၊ မပြတ်အစဉ်၊ ဒြပ်ရှင်ပေသည့်၊ နတ်အရှင်ကြီးခင်ဗျား။

ဆွမ်းမြတဘောဇဉ် နတ်ကွန်းစင်ကို ပြုပြင်ပသပါသည်၊ ဘေးဘယာအန္တရာယ်၊ နတ်တန်ခိုးဖြင့်၊ ဘေးမျိုးကိုပယ်၊ ရှင်သယ် ကြာသို့လန်းပါစေ၊ မကောင်းအိပ်မက်၊ မကောင်းငှက်နှင့် ဖုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြိုတ်တစ္ဆေ၊ ကျားမြွေမိကျောင်း၊ မကောင်းဥပါဒ်ါန် နတ်တိုက်ရန်ဘေး၊ ကင်းဝေးစေဖွယ်၊ ဘုရားဂုဏ်ပေါင်း၊ အရှင့်မျက်စောင်းနှင့်၊ မကောင်းသမျှပယ်၊ လ,နှုယ် ရေလို အေးပါစေ၊ ခြောက်ပါးကိုးဆယ်,အန္တရာယ်ကို၊ ဖယ်နိုင်သမျှ သိကြားလက်နတ်တို့စက်နှင့်၊ ဖျက်ကာချသကဲ့သို့၊ ကွင်းပပေါစွာ၊ ဘေးဘယာလည်းကင်းရှင်းကွာလိမ့်၊ ထိုအတိတ်နှင့်၊ ကိုယ်စိတ်ချမ်းသာပါစေသား၊ ရွှေငွေပေါစွာ၊ လာဘ်မိုးရွာလျက်၊ ကြင်နာမဆိုင်း လူမြင်တိုင်းကာ၊ မှိုင်းမ စေတနာ၊ ထားပါစေသော၊ သို့ပင်အကြောင်းဆုပတ္တနာနှင့်လိုရာကိုတောင်းပါသည်၊ ရွှေစောင်းတော်သခင် နတ်ဦးရှင်ခင်ဗျား။

## ဦးရှင်ကြီးအား ပြန်ပို့ရန်

ကျွန်းအရှင်ကို ဆွမ်းတင်လို့ပြီးပါပေ့၊ ကျွန်းညိုကြီး ဒီပါဖွေကို၊ စီဝရံဝေဝေ၊ ရွှေသက်န်းရယ်နဲ့၊ နေအဝင်၊ ရွှေကညင်သာတဲ့လမ်းကို၊ (နတ်နန်းပျော်စောင်းတော်ပိုက်ဖျော်မှုပြီး) အပေါင်းအဖော်တို့နှင့် ကျောင်းတော်က ကြွတော်မူပါ ရေငံတရိုး ပိုင်အုပ်မိုးပါတဲ့ ဒေဝါသခင် နတ်ဦးရှင်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



## ရေငံပိုင်ဦးရှင်ကြီးအား နောက်တစ်နည်းဖြင့် တင်မြှောက်ပသပုံ

ကိုးထွေမြစ်ဆိုင်၊ ကျွန်းညီမြို့င်ကို၊ စိုးပိုင်ပေလတ်၊ ဣန္ဒိ ပါတ်နှင့်၊ နတ်ထက်နတ်မင်း၊ တန်ခိုးပြင်းသည့်၊ တောက်လင်း ရောင်ဝါ၊ မြတ်အာဏာနှင့်။ မဟာဂနိုင်၊ ရေငံပိုင်သည့်၊ ကျွန်းမြို့င် သခင်၊ နတ်ဦးရှင်။

တင်ပါသည်၊ မြှောက်ပါသည်၊ စေတနာသဒ္ဓါတရားနှင့် စားဦးသောက်ဦး၊ လွန်ကြည်နူးသဖြင့်၊ အထူးစီစဉ်၊ ပွဲစုံပြင်၍၊ အရှင်အပိုင်၊ ကျွန်းညီမြို့င်ကို၊ ကိုယ်တိုင်သွားကာ၊ ပင့်သည့်တာ သို့၊ လျှင်မြန်စွာ စောင်းတော်ပိုက်ပါလို့၊ အရှင်စံရာကျောင်းတော် ဆိုက်တဲ့အောင်၊ နှစ်ခြိုက်စွာ ကြွတော်မူလှည့်ပါ၊ ကျွန်းမြသခင်၊ နတ်ဦးရှင်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမွိ၊ နှစ်ကြိမ်မြောက်လည်း မဟာနဒီ၊ ဒလမိုသည် ပါရမီသခင်၊ မိန်းမလှကျွန်း၊ နာမည်ထွန်းပါတဲ့၊ ကျွန်းညိုရှင်ကို၊ တင်ကာပသ ပူဇော်ကြဖို့ အစစပြင် မေတ္တာကဲမှောက်၊ စေတနာ သဒ္ဒါပေါက်ပါလို့၊ ပင့်မြှောက်ကာ၊ တစ်ခါတင်ပါပေ့၊ ဧလာ ရှင်အလွမ်းပိုလို့ မည်းလိုက်ပါနဲ့၊ မကွာပင် ကျွန်းညိုကြီးရယ်က၊ အကြောင်းပျော်ပျော် စောင်းတော်တီးပါလို့ အပြီးတိုင် အမြန် ရောက်တဲ့အောင်၊ ကြွရောက်တော်မူပါ့၊ ဘုန်းကြီးတဲ့သခင် နတ်ဦး ရှင်။

တတိယမွိ၊ သုံးကြိမ်မြောက်လည်း၊ ကမ္ဘသိဒ္ဓိ၊ တန်ခိုးငယ် ရှိ၊ ကျွန်းသခင်နတ်ဦး၊ သားရှင်း သမီးရှင်း၊ ကျွန်တသင်းတို့က၊ အလွန်အမင်း ဖူးမြော်ချင်၍၊ ခုပင်မကြာ ပင့်ဖိတ်ပါသည်။ မဟာ ဂုဏ်ရှင်၊ ကျွန်းညိုမြိုင်က၊ ကိုယ်ပိုင်အပြီး၊ မိကျောင်းစီး၍၊ စောင်းတီး ကာ ရေယာဉ်လမ်းရယ်က ဤအချိန် ဤအိမ်နန်းကိုလ၊ မစောင်း ပျော်ပျော် အပေါင်းအဖော်တွေနဲ့၊ မြန်းပါလို့ကြွလှမ်းတော်မူခဲ့ပ၊ ကျွန်းညိုမြသခင် နတ်ဦးရှင်။

ကြွရောက်ပြီးကာ၊ စေတနာနှင့်၊ ကောင်းစွာမယွင်း၊ စီမံ ခင်း၍၊ ကောက်ညှင်းအုန်းသီး၊ နှမ်းဖြူးပြီးလျှင်၊ သစ်သီးစုံနှော ငှက်ပျောထန်းလျက်၊ လက်ဖက်ကွမ်းယာ၊ တင်သည့်တာကို ချစ် မေတ္တာစေတနာပြင်းပါလို့ ရေငံမင်း နဒီရှင်က၊ ကြည်ရွှင်စွာ မေတ္တာရောက်ပါလို့ အထူးပင် ဦးတင်လို့ မြှောက်လိုဒ်ပါရဲ့ စားသောက်တော်မူပါ့ ကျွန်းညိုမြသခင် နတ်ဦးရှင်

ပင်လယ်နဒီ ခင်တွယ်မှီသည့်၊ ကိုးလီမြေဆိုင်၊ ကျွန်းညို

www.burmeseclassic.com

www.burmeseclassic.com



ပိုင်၊ ထိုင်၍အေးဆေး၊ မခြားအသွင် သနားခင် သားရင်းသွေးသို့၊ ကျေးမွေးစုံစွ၊ တင်သည့်တာကို မေတ္တာဓာမြတ် သောမနည်းဖြင့်၊ ရည်မှတ်သုံးဆောင် မလိုအောင်၊ ကိုယ်ရောင်လင်းပြ၊ သားနှင့် သမီး ချစ်မညီးတို့က အပြီးတိုင် ကျေးမွေးကြသကဲ့သို့။ ရှင်မျှ စိတ်ကြည်၊ ဖူးချိန်မပေါ့၊ ဦးနှိမ်လျှော့၍ ကန်တော့သည်ကို နဒီ ပိုင် ဦးရှင်ကြီးရယ်က သမီးလို သားလိုမှတ်ပါလို့ သဒ္ဓါဖြူသူတွေ ဘယာမကပ်ရံအောင် နှလုံးရည် ပြုံးကြည်ဓာတ်ရယ်နဲ့ ကောင်းမြတ် စွာ စားသောက်တော်မူပါ့ ကျွန်းညိုမြသခင် နတ်ဦးရှင်။

တင်မြှောက်တနဲ့ အောက်တပွဲတွင်၊ သရဲတစ္ဆေ၊ တပည့် တွေကို၊ ခွဲဝေမနေး၊ သဒ္ဓါစိတ်ဓာတ်၊ စိတ်အမြတ်သို့၊ နိစ္စပတ် ကျွေးပါရဲ့၊ ချမ်းအေးစွာ စိတ်ကြည်လန်းပါလို့၊ အပေါင်းအဖော် ကျောင်းတော်နန်းမှာလ၊ ထူးဆန်းစွာ ကြည်ရွှင်ပြုံးပါလို့ သုံးဆောင် တော်မူကြပ၊ ရွှန်းစိုစို ကျွန်းညိုမြတွင်ဖြင့်၊ သရဲတစ္ဆေ အမြဲနေ ကြပါတဲ့ ထူးလှသည့်အကျော်၊ မိတ်ဆွေတော်တို့။

ကျွေးမွေးရငြား အကျိုးအားကြောင့်၊ စီးပွားဥစ္စာ၊ ရတနာ ရွှေငွေ၊ ဆန်ရေစပါး၊ ပေါပြည့်များ၍၊ သားနှင့်သမီး မြေးနှင့်မြစ် ပါ၊ ဘယာကင်းပျောက် ကိုးဆယ့်ခြောက်လည်း၊ မရောက်တန့်တန့်၊ မင်းပြစ်ဒဏ်နှင့် ရန်မာန်မရှိ၊ စိတ်၏အလိုကိုလည်းပြည့်ဝ၊ လို သမျှလည်း တောင့်တတိုင်းပြီး၊ ဘေးလည်းကင်းကွာ၊ အနာကင်း ပျောက်၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ရန်ဖို့၊ စောင့်ရှောက် ကာ၊ အထူးပင်မလိုက်ပ၊ ဦးရှင်လှမည်ကျော် နတ်ဘုန်းမော်။

ကြည်လင်သဒ္ဓါ၊ စေတနာနဲ့ မေတ္တာရှေ့ထား၊ အကျိုးအား

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်၊ များပြားဥစ္စာ၊ ပြည့်စုံစွာ၊ မကြာချက်ချင်း တိုးစေသား။

အထက်ကလူ၊ မကြည်ဖြူလည်း၊ ရန်သူမလုပ်၊ ပွဲအရှုပ် မယှုတ်ချက်ချင်း အေးစေသား။

အောက်ကလူငယ်သား၊ ကျင့်ဖောက်ပြားလည်း၊ တရား ပြည့်ကာ၊ ကိုယ်လိုရာ၊ မကြာချက်ချင်းရောက်စေသား။

ကိုယ်တွင်းကိုယ်ပ၊ ဘေးဘယလည်း၊ အေးမြချမ်းသာ၊ ရှင်းရှင်းကွာ၊ မကြာချက်ချင်း ပျောက်စေသား။

စန်းပြတ်လွှန်းပြတ်၊ သက်ခတ်မှားမီး၊ ဂြိုဟ်စီးမကောင်း သံဒေါင်းနှိပ်စက်၊ နက္ခတ်တဖြာ၊ ဗျက္ခဓာနိယထုံ၊ ကျင့်လေကျန် လည်း၊ အစုံချက်ချင်း ပျောက်စေသား။

ရုပ်ဖမ်းသံဖမ်း၊ ပညာစွမ်းဖြင့်၊ အရမ်းကာရော၊ သဘော မမှန်၊ လုပ်ကြပြန်လည်း၊ အမြန်ချက်ချင်း ပျောက်စေသား။

အင်းမြှုပ်ဆေးမြှုပ်၊ သေအောင်လုပ်လည်း၊ အရှုပ်စိုးစီ ဘေးမရှိ၊ စိတ်၏ချမ်းသာရှိစေသား။

ကဝေမည်စုန်း၊ မောက်လုံးမောက်ပြား၊ မခြားတလီ ဓော် ဂနီ ဓော်ဂနက်၊ ပြုလုပ်ချက်လည်း၊ ဆက်ဆက်မှန်စွာ ပျောက်စေ သား။

ပုဏ္ဏာကတိုက်၊ သရဲတိုက်နှင့်၊ နတ်တိုက်ဖန်ဖန်၊ မကောင်း ကြံလည်း၊ အမြန်ချက်ချင်း ပျောက်စေသား။

နတ်ဆိုး နတ်ယုတ်၊ မြေဘုတ်တစ္ဆေ၊ စိမ်စေလေလည်း၊ ထွေထွေပျောက်ကင်း၊ ရောဂါရှင်း၊ ချက်ချင်းပျောက်စေသား။

ရေငံတရိုး၊ ပိုင်အုပ်စိုးသည့်၊ ဘိုးဘိုးသခင်၊ ကျေးဇူးရှင်ကို

www.burmeseclassic.com



ဦးတင်မြှောက်သ၊ ကန်တော့ကြသဖြင့်၊ ဘယကင်းကွာ၊ လွှန်ချမ်းသာ၊ တစ်ရာအသက်ရှည်စေသား။

ရေလမ်းအစုံ၊ သွားကြကုန်လည်း၊ လေမုန်တိုင်းခုတ်၊ ဝဲဇလုပ်နှင့်၊ သင်္စီငုတ်ကျောက်ဆောင်၊ ကွင်းကာရှောင်၍၊ အောင်ရာစခန်းရောက်စေသား။

အလုပ်အကိုင်၊ မကြံနိုင်လည်း၊ ကျွန်းမြိုင်အရှင်၊ နတ်သခင်ကြောင့်၊ ကြည့်ရှင်မဟုတ်၊ ခုအလုပ်သည်၊ မဟုတ်ချက်ချင်းမြင့်စေသား။

www.burmeseclassic.com

www.burmeseclassic.com



# ပြန်ပို့ရန်

ပျော်ပျော်ပါးပါး၊ စားသောက်ပြီး၍ ပြီးပြီးသောခါ၊ သွား လိုရာသို့၊ မှန်စွာကြည်ဖြူ၊ ကြွတော်မူ၍၊ မြိုင်ငူနတ်နန်း၊ အရှိ အကုန် တပည့်စုံတွေနဲ့ လှမ်းပါလို့၊ ကြွမြန်းတော်မူပါတော့၊ ရေခင် တရိုး ပိုင်အုပ်စိုးတဲ့၊ ဘိုးဘိုးအရှင် နတ်ဦးရှင်တို့...။

အချို့သောသူများက။ ။နတ်နန်း၊ စောင်းတော် မ,ပြီး အပေါင်းအဖော်အဘိုးတို့နှင့်တကွ ကျောင်းဆောင်တော်က ကြွ တော်မူပါ၊ ဒေဝါသခင် နတ်ဦးရှင်ခင်ဗျားဟု ဘိုးဘိုးကိုပါထည့်၍ ပြန်ပို့ကြသည်။

ဤကား တစ်ကျောင်း၊ တစ်ဂါထာ၊ တစ်ရွာ၊ တစ်ပုဒ်ဆန်း ဖြင့် မိမိတို့ဉာဏ်စွမ်းအလျောက် တင်မြှောက်ပသ,ကြခြင်းဖြစ်ပေ သည်။

အချို့သောသူတို့လည်း ထိုကဲ့သို့ပင် အကျယ်ချဲ့ဘဲ ရိုးရိုး တင်မြှောက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အထူးမှတ်သားရန် ဖော်ပြချက်များ

ရေငံပိုင်ဦးရှင်ကြီးသည် အိမ်တွင်းမှာထက် အိမ်ပြင်၌ ပို၍ မစစောင့်ရှောက်သူဖြစ်ပြီး ပင်လယ်ပိုင်းသို့ အထူးသဖြင့် ခရီးသွား လာသူများ အထူးအားထားရသည့် နတ်တစ်ပါး ဖြစ်သည်။

ပင်လယ်ရေ (ရေငံ) ဝင်ရောက်သည့်ဒေသပိုင်း (မြစ်ဝ ကျွန်းပေါ်ဒေသအားလုံးနှင့် မွန်ပြည်နယ်) သို့ ရေကြောင်းခရီးဖြင့် သွားရောက်ရသည့်သူများသည် ခရီးမထွက်မီ တစ်ရက် (သို့မဟုတ်) တစ်ည ကြိုတင်၍ ရေငံပိုင်ဦးရှင်ကြီးအား ဆွမ်းဆက်ကပ်ပသ၍ သွားရသည်။

သို့မှသာ ဘေးရန်ကင်း၍ ခရီးအောင်မြင်သည်ဟု ယုံကြည် ကြသည်။

ခရီးမှပြန်လာလျှင်လည်း ထိုည (သို့မဟုတ်) နောက်တစ်နေ့ နံနက် သို့မဟုတ် ညဦးပိုင်းတွင် ရေငံပိုင်ဦးရှင်ကြီးအား ဆွမ်း တင်မြှောက်ပသရ၏။ သို့မှသာလျှင် လာဘ်ငန်းကိုင်ငန်း ချောမွေ့ သည်ဟု ယုံကြည်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေလုပ်ငန်းနှင့်အသက်မွေးသူများ၊ အင်းလုပ်ငန်းနှင့် အသက်မွေးသူများ၊ ဝါးခနိုမျောဖြင့် အသက်မွေးသူများမှာ အထူး ဂရုစိုက်ကြရသည်။ ပင်လယ်ပိုင်းသို့ ခရီးထွက်လျှင်-

(၁) ခြေလေးချောင်းသား (တောကောင်သား) များကို မစားရ၊ မပစ်ခတ်ရ။

(၂) တတ်နိုင်လျှင် သက်သတ်လွတ်စားပါ။ စားနိုင်လျှင် ရေသတ္တဝါအသေးအဖွဲ့ဖြစ်သော ငါး၊ ပုစွန်၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးပိငံပြာရည်ကိုသာ သုံးပါ။

(၃) ပင်လယ်ပိုင်းတွင် လုပ်ငန်းမပြီး၍ လှေများ ဆိုက်ကပ် ထားရချိန်အတွင်း၌ လေချွန်ခြင်း၊ လက်ခုပ်လက်ဝါး တီးခြင်း၊ သီချင်းဆိုခြင်း၊ တူရိယာဂီတ တီးမှုတ်ခြင်း များ လုံးဝ မပြုလုပ်ရ။

(၄) ကြမ်းတမ်းသောစကားလုံး သုံးနှုန်းခြင်း၊ ဆဲရေး တိုင်းထွာခြင်းများကိုလည်း လုံးဝမပြုလုပ်ရ။

(၅) လှေပေါ်တွင် မိန်းမ လုံးဝ မပါရှိရ။ လင်စုံမယားဖက် သို့တည်းမဟုတ် သမီးရည်းစားလည်း မပါရှိရ။ သရာဝါသကိစ္စ လုံးဝ မပြုလုပ်ရ။

ထိုကိစ္စများကို မရှောင်ရှားဘဲပြုမိပါက (မတော်တဆ ဖြစ်စေ၊ တမင်သက်သက်ဖြစ်စေ) ချက်ချင်းလက်ငင်း ဒေါသတွေ့ တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘေးတွေ့ပုံများကြုံရခြင်း

(၁) အချိန်အခါမဟုတ်ဘဲ လေမုန်တိုင်းကျခြင်း၊
(၂) အချိန်အခါမဟုတ်ဘဲ မိုးသည်းထန်စွာရွာခြင်း၊
(၃) အချိန်အခါမဟုတ်ဘဲ လှိုင်းကြီးခြင်း၊ လှေမှောက်ခြင်း၊
(၄) မိကျောင်းကြီးများ ရုတ်တရက် ရေထဲမှ ပေါ်လာပြီး လှေကိုသော်လည်းကောင်း၊ လှေထဲမှ လူကိုသော်လည်းကောင်း ဒုက္ခပေးခြင်း၊
(၅) ကုန်းပေါ်မှ (တောထဲမှ) ကျားဟိန်းသံကို အတိုင်းသားကြားနေရခြင်း၊
(၆) လှေပြန်ထွက်၍မရဘဲ ရှိခြင်း၊

တို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထို့ထက်ပို၍ ဆိုးရွားမှုများကြုံရခြင်း

(၁) တောထဲ၌ သစ်ဝါးမျောခုတ်နေစဉ် ကျားနှင့်တွေ့၍ ပြေးခဲ့ရခြင်း၊ မပြေးဘဲ ခုခံလျှင် အကုတ်အကိုက်ခံရ၍ အသက်ပါဆုံးရှုံးရခြင်း၊

(၂) မိကျောင်းပေါ်လာချိန်၌ ထိုမိကျောင်းကို သတ်ရန်ကြိုးပမ်းသူမှာ အလိုလို လှေပေါ်မှလိမ့်ကျပြီး မိကျောင်းစာဖြစ်သွားရခြင်း၊

(၃) လှိုင်း လေ မိုးကြီး သည်းထန်ပြင်း၍ လှေတစ်စင်းလုံးမှောက်ကာ လှေစွင်ပါရှိသည့် လူအားလုံး အသက်ဆုံးရှုံးရခြင်း၊

(၄) တောထဲသို့ဝင်သွားသူများ တောထဲ၌ မျက်စိလည်နေပြီး လှေသို့ ပြန်မလာနိုင်ခြင်းတို့ ဖြစ်လေသည်။

ထို့ကြောင့် အရိပ်နိမိတ်ပြလျှင် မိမိဘက်မှ အမှားတစ်စုံတစ်ရာရှိနေပြီဟု သိသင့်၏။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ထိုအမှားကို တောင်းပန်သင့်၏၊ တောင်းပန်ရ၏။ သို့မှသာ ဘေးဆိုးကြီး ဆက်၍မဖြစ်ဘဲ ရပ်တန့်သွားပေမည်။

ဂရုမမူဘဲ အမှတ်မဲ့ ဆက်လက်နေထိုင်ပြုမူပါက ဘေးဆိုးကြီးများကျရောက်၍ အသက်ပါသေဆုံးရတတ်သည်။

ထို့ပြင် ဦးရှင်ကြီး ဆွမ်းပွဲပြင်ရာ၌ သတိပြုရန်မှာ-

(၁) ဆား လုံးဝ မထည့်ရ။

(၂) ဆီ လုံးဝ မထည့်ရ။

ပွဲကျကို စားသုံးလျှင်လည်း ဆား၊ ဆီ လုံးဝမဖြည့်စွက်ဘဲသာ (နဂိုအတိုင်းပင်) စားသုံးပါ။ 'ပေါ့သည်' ဟုလည်း မပြောမိပါစေနှင့်။ အထူးသတိပြုပါ။

ပွဲသိမ်းလျှင် ဦးရှင်ကြီးပွဲကို အိမ်သူအိမ်သားများ စားသုံး၍ အောင်ပွဲကို လေးပုံပုံပြီး ဝင်းခြံထောင့်သို့ ပစ်ပါ။

ရည်ရွယ်ချက်မှာ အဘိုး၏ပွဲကို အဘိုးစားသုံးပြီးပြီဖြစ်၍ ၎င်း၏တပည့်သားမြေးများအား ဝေငကျွေးမွေးခြင်းသာ ဖြစ်ပါသည်။

တတ်နိုင်လျှင် ဦးရှင်ကြီးပွဲကို ၃ ပွဲပြင်၍ ဆက်သသည်လည်းရှိပါသည်။ ပွဲပြီးလျှင် ထို ၃ ပွဲစလုံးကို အိမ်သူအိမ်သားများ (လူများသည့်နေအိမ်၌ ပြုလုပ်လေ့ရှိ၏။) သာမက ဆွေမျိုးရင်းချာများကိုပါ ဝေငပေးသင့်၏။

သူစိမ်းတစ်ရံဆန် အိမ်နီးချင်းများကိုမူ ပွဲကျမဟုတ်သော သီးခြားပစ္စည်းများကိုသာ ဝေငပေးသင့်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဦးရှင်ကြီးနှင့်ပတ်သက်သော စိတ်ဝင်စားမှု

စစ်ကြိုခေတ်က အေဝမ်းကုမ္ပဏီရုပ်ရှင်မှ ပြည်လှဖေ၊ မေရှင်တို့ တွဲဖက်၍ 'စောင်းတော်ရှင်' ဇာတ်ကားကို ရိုက်ခဲ့ဖူးပါသည်။

ယနေ့ ဗွီဒီယိုခေတ်တွင်မူ မန္တလေးသိန်းဇော် (ဇာတ်မင်းသား)နှင့် အကယ်ဒမီ ခိုင်ခင်ဦးတို့ တွဲဖက်၍ စောင်းတော်ရှင် ဇာတ်ကားကို ဗွီဒီယိုရိုက်၍ ပြသနေရာ အထူးလူကြိုက်များလှပေသည်။

မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများတွင် ဆောင်းတွင်းအခါ၌ ဦးရှင်ကြီးပွဲများကို တခမ်းတနား ပြုလုပ်လေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရှင်ကြီးဇာတ်ကပြရာ၌ ဦးရှင်ကြီး (လူ့ဘဝကမောင်ရှင်) သည် နတ်ဘဝတန်ဆာအစုံအလင်နှင့် စောင်းတော်ကိုပိုက်၍ နတ်ကွန်းစင်ပေါ်၌တက်ပြီး ရပ်နေပုံမှာ ပရိသတ်အကြိုက်ဆုံး အခန်း ဖြစ်ပေသည်။

တကယ်ရှာန်ဝင်၍ တကယ်တမ်း နတ်ကိန်းပါက ကပြနေသည့် မင်းသား (ဦးရှင်ကြီးအဖြစ် သရုပ်ဆောင်သူ)မှာ ထိုနတ်ကွန်းစင်ပေါ်သို့ လွယ်လင့်တကူ ခုန်တက်၍ မတ်တတ်ရပ်နေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# မောင်ရှင်နှင့်အပိုး
# သို့မဟုတ်
# ဦးရှင်ကြီးနှင့်အဘိုး

ရေငံပိုင် ဦးရှင်ကြီးနတ် တင်မြှောက်သည့်အခါ အဘိုးပါ တင်ဆက်ခြင်းသည် အကြောင်းအမျိုးမျိုး ဆက်စပ်လျက်ရှိနေပေသည်။ အချို့သောသူများက အောက်ပွဲပေးခြင်းသည် အဘိုးပွဲဟု ပြောကြသည်။ အချို့ကလည်း ဦးရှင်ကြီး၏အစောင့်အရှောက်များအား ပွဲပေးခြင်းဖြစ်သည်ဟု ပြောဆိုကြလေသည်။

အဘိုးခေါ်ဆိုခြင်းသည် အမှန်အားဖြင့် ဗမာ ကရင်လူမျိုး အပိုးဖြစ်သည်ဟု ဆိုသည်။ ကာလရွေ့လျော့လာ၍ အဘိုးဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆိုကြခြင်း ဖြစ်သည်။ အချို့ကလည်း မွန်ကရင်လူမျိုး ဘိုးတော်ကရင်ဟု ဆိုပြန်လာပေသည်။ ဤသည်ပင် နာမည်တူ မှုကွဲတွဲ၍နေကြပေသည်။ အဘယ့်ကြောင့်ဆိုသော် (ပိုးနှင့်ဘိုး) သည် အဘိုးနာမည်နှင့် နီးစပ်ပေသည်။ သို့ရာတွင် အဘိုးကို ပင်လယ်ပိုင်းဒေသများတွင် အထူးထင်ရှားသော ရေသွားခရီးသည် များနှင့် တောင်ယာလယ်လုပ် မုဆိုး တံငါအလုပ်ဖြင့် အသက် မွေးကြသူများက အမြဲမပြတ် တင်မြှောက်ကြလေသည်။ ဦးရှင် ကြီးတင်သည့်အခါမှာလည်း အဘိုးအား တင်မြှောက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးရှင်ကြီးနှင့်အဘိုး ဆက်စပ်နေခြင်း

ခုနှစ်သက္ကရာဇ်နှင့် ရွာနာမည် မသိရသော မုဆိုးကြီး ဘိုးတော်ကာရင်သည် သမီးဖြစ်ကြသော မယ်လှ၊ မယ်ခ သမီးနှစ်ယောက်အား သားကောင်၊ ငါးကောင်များကို ပရိယေသနဝမ်းစာအဖြစ် ရှာကြံ၍ အသက်မွေးမြူကြရလေသည်။

ဘိုးတော်ကာရင်သည် လူလားမြောက်စကပင် သာလေယတောသို့ ဂျိုင်ယ်စိုင်ဆတ် ဖွတ်ပဒတ် အစရှိသော တောတိရစ္ဆာန်များကို ရှာဖွေစားသောက်အသက်မွေးနေထိုင်ကြသော မုဆိုးကြီးဖြစ်လေသည်။ မုဆိုးကြီးဘိုးတော်ကာရင်၏ သမီးနှစ်ယောက်သည် သူတို့အဖေ တောမှရလာသော သားငါးများအား ရောင်းချစားသောက်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်ကရင်သည် သားကောင်ငါးကောင်များ အရှာထွက်သည့်အခါတွင် သာလေယဉ်တောသို့သွားကာ သားငါးများ ရှာဖွေလေသည်။ သားငါးများ ရှာဖွေထွက်တိုင်း အမြဲတမ်း လမုပင်စောင့်နတ်အား တင်မြှောက်ပြီးမှ သားကောင်ငါးကောင်များ ရှာဖွေလေ့ရှိသည်။ ဤသာလေယတောတွင်းဝင်က လမုနတ်ကို တင်မြှောက်သွားပါလျှင် သားကောင်ငါးကောင်များ ပင်ပန်းကြီးစွာ မရှာကြံရဘဲ အလွယ်တကူ သားကောင်ငါးကောင်များ ရရှိခဲ့လေသည်။

ထိုသို့ အမြဲမပြတ် တင်မြှောက်လာသောအခါတွင် လမုနတ်သည် ယခုလို သားကောင်များရရှိအောင် ကြည့်ရှုစောင့်မနေသည်ကို ဘိုးတော်ကရင်သိအောင် ဘိုးတော်ကရင် မြှောက်တိုင်းကိုယ်ရောင်ပြကာ သားကောင်ငါးကောင်များ ပေါများသောနေရာကို လမ်းညွှန်ပြသနေခဲ့လေသည်။

မုဆိုးကြီး ဘိုးတော်ကရင်သည် လမုနတ်၏ကျေးဇူးများလှသည့်အတွက် လမုနတ်အား အထူးတလည် တင်မြှောက်ရန် သားငါးများ ချက်ပြုတ်ကာ ပွဲများမြင်ဆင်ပြီး တောတွင်းသို့ယူဆောင်လာကာ မိမိယူဆောင်လာသည့် ကန်တော့ပွဲများကို လမုနတ်အား အထူးတလည် တင်မြှောက်လေသည်။

ဘိုးတော်ကရင် တင်မြှောက်သောအချိန်တွင် လမုနတ်သည် နတ်သဘင်အစည်းအဝေးရှိနေချိန်နှင့် တိုက်ဆိုင်နေသဖြင့် ဘိုးတော်ကရင်ထံ အချိန်မီမရောက်ဘဲ ရှိနေလေသည်။

ဘိုးတော်ကရင်၏စိတ်ထဲတွင် ချဲ့တိုင်းခါတိုင်းများတွင် မိမိ

www.burmeseclassic.com

www.burmeseclassic.com



တင်မြှောက်ပသလိုက်လျှင် လမုနတ်သည် ကိုယ်ရောင်ပြကာ သားငါးများရရှိမည့်နေရာများအား လမ်းညွှန်ပြသပေးနေကျဖြစ်ပါ လျက်နှင့် ယခုအခါ မိမိ အထူးပင် တင်မြှောက်ပသခြင်းကိုပင် မလာရောက် လမ်းညွှန်မပြသည့်အတွက် စိတ်ဆိုးကာ ကန်တော့ပွဲ များအား ခြေနှင့်ကန်ချပြီး မိမိရွာနေကျ သားငါးများရှာဖွေရန် ထွက်ခွာသွားတော့၏။

လမုနတ်သည် နတ်သဘင်အစည်းအဝေးမှ ပြန်လာသည့် အခါတွင် လမုပင်ခြေရင်းတွင် ကန်တော့ပွဲများ ပြန့်ကျဲနေသည် ကို တွေ့ရသောအခါတွင် လမုနတ်သည် ဘိုးတော်ကရင် တင်မြှောက်သည့်အခါတွင် သူမရှိခြင်းကြောင့် ကန်တော့ပွဲများ စိတ်ဆိုးကန်ချခဲ့သည်ကို သိရှိကာ ဘိုးတော်ကရင် သတိရစေ သောငှာ ထောင်နေကျဖြစ်သော ကုန်းသတ္တဝါထောင်သည့်ပိုက် များနှင့် ရေသတ္တဝါထောင်သည့် ပိုက်ကွန်များတွင် မိနေသော သတ္တဝါများကို နတ်၏တန်ခိုးဖြင့် ကွယ်ဖျောက်ထားလိုက်လေသည်။

မုဆိုးကြီးဘိုးတော်ကရင်သည် မိမိထောင်ထားသော ထောင်ပိုက်ကွန်များရှိရာသို့ တောတိရစ္ဆာန်များ ခြောက်လှန့်ကာ မောင်းပို့နေလေ၏။ မိမိ ခြောက်လှန့်သည့်အတိုင်း သားကောင် များမိနေလေ၏။ သွားရောက်ဖြုတ်သည့်အခါတွင် သားကောင် များသည် မျက်စိအောက်မှ ပျောက်၍သာရှိကုန်သောအခါ ကိုယ် စိတ်များ နွမ်းရိမောပန်းလာကာ သားကောင်များလည်း ထောင်ပိုက်များထဲတွင် မိပါလျက်နှင့် မရရှိသောအခါ စိတ်များ ဆိုးလာကာ သားကောင်များမရလျှင် ငါထောင်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ကွန်သို့ ပြန်လာသောအခါမှာလည်း ထိုနည်းတူစွာပင် ငါးများ မိနေပါလျက်ကယ်နှင့် ကုန်းပေါ်သို့ မ,တင်သည့်အခါတွင် ငါး တစ်ကောင်မှ မတွေ့ရသောအခါ၌ စိတ်များ ပိုဆိုးလာကာ အကြံ အိုက်လျက် ရှိနေလေ၏။

မုဆိုးကြီးဘိုးတော်ကရင်က သားကောင်ငါးကောင်များ မရရှိခြင်းမှာ လမုနတ်ကြောင့် ဖြစ်ရမည်။ လမုနတ်သည် မိမိ ထောင်ထားသော သားကောင်ငါးကောင်များကို မရရှိအောင် ပြုလုပ်နေသည့်နတ်ဖြစ်ရမည်ဟု ပြောဆိုကာ လမုပင်ရှိရာသို့ ပြန်လာပြီး "ဟယ်...လမုနတ်၊ သင်သည် တစ်လုပ်စားဖူး သူ့ ကျေးဇူးကို အထူးမသိတတ်သည့်နတ်ပင် ဖြစ်သည်။ ငါ နေ့စဉ် နှင့်အမျှ တင်မြှောက်နေ၍ သင်ႉ စားသောက်နေထိုင်ရသည်။ သင်သည် ငါ တင်မြှောက်မှ စားသောက်ရသည့်နတ်ပင် ဖြစ်သည်။ သင့်အား ယနေ့မှစ၍ ဤတောတောင်တွင် မနေနိုင်အောင် ငါ လုပ်တော့မည်။ ဤတောတောင်သည် ငါပိုင်ဆိုင်သော တော တောင်ဖြစ်သည်ဟုပြောဆိုကာ မိမိတွင် အသင့်ပါလာသော ဓားမ ဖြင့် လမုပင်ခြေရင်းမှ ခုတ်လှဲကာ ရေဆိပ်သို့ မျှောပစ်လိုက်လေ ၏။

လမုနတ်သည် မိမိနေထိုင်သော လမုပင်အား ပင်ခြေမှ ခုတ်ပြီး ရေထဲသို့ မျှောလိုက်သဖြင့် စိတ်များဆိုးကာ ဘိုးတော် ကရင်အား နတ်ကျားဖြင့် တိုက်သတ်ရန်ကြံစည်သောအခါ ဘိုးတော်ကရင်သည် ကံဇာတာများ ကောင်းမွန်နေသည့်အတွက် နတ်ကျားနှင့်မတိုက်တော့ဘဲ ဘိုးတော်ကရင်၏သမီးများဖြစ်သော

www.burmeseclassic.com



မယ်လှနှင့်မယ်ခတို့အား နတ်တို့တန်ခိုးဖြင့် ကြည့်လိုက်သည့်အခါ တွင် ကံဇာတာများ ညှိုးမှိန်နေခြင်း တွေ့မြင်ရသည်အတွက် လမု နတ်သည် မယ်လှ၊ မယ်ခ ညီအစ်မနှစ်ယောက်အား နတ်ကျားနှင့် တိုက်၍ သတ်ပစ်လိုက်သည်။

မယ်လှနှင့်မယ်ခတို့ ညီအစ်မနှစ်ယောက်သည် ကျားကိုက် ခံရပြီးသေသည်၌ အယူတိမ်း၍ နတ်စိမ်းများဖြစ်လာကြတော့၏။ လမုနတ်သည် နတ်ညီအစ်မနှစ်ဖော်အားခေါ်ကာ အစ်မကြီးဖြစ်သူ မယ်လှအား ပဉ္စကလျာနတ်သမီးဘွဲ့ပေး၍ ညီမငယ်မယ်ခအား သခ်ီမာလာဟု ဘွဲ့အမည်များပေးကာ သာလေယတောစောင့်ရှောက် ရန် ကျေးကျွန်များနှင့်တကွ ထားခဲ့လေ၏။

ညီအစ်မပျိုဖြူနတ်ကညာနှစ်ယောက်သည် သာလေယတော သို့ ထင်းခုတ်မျောခုတ်ရန်လာကြသော လူများအား ကိုယ်ရောင်ပြ ကြ၍ ဤတောသည် မိန်းမလှများတွေ့သောကျွန်းဖြစ်ခြင်းကြောင့် မိန်းမလှကျွန်းဟု ခေါ်ဝေါ်လာကြလေသည်။ ၎င်းမိန်းမလှကျွန်း တောင်ဘက်တွင် ကျွန်းညိုကြီးဟူသောကျွန်းတစ်ကျွန်း ရှိလေ သည်။ ထိုကျွန်းညိုကြီးသည် ယခုအခါ လူနေအိမ်ခြေများ စည်ကားလျက် ကျွန်းညိုရွာဟု ခေါ်ကြလေသည်။

ဦးရှင်ကြီးအား ရေစတေး၍ခံရခြင်းမှာ ဤဘိုးတော်ကရင် ၏သမီးများဖြစ်သော သာလေယတောအား စောင့်ရှောက်နေရ သော ပဉ္စကလျာနှင့် သခ်ီမာလာနတ်ကညာတို့ ဖြစ်ကြလေ၏။

ဘိုးတော်ကရင်ခေါ် အဘိုးသည် တစ်နေ့တွင် နောက်ပါ လူများနှင့် တောထဲသို့ အမဲသွားပစ်ကြစဉ် လူများရှေ့၌ဝင်

www.burmeseclassic.com



ပျောက်ကွယ်သွားပြီး နတ်အာဝရောက်သွားသည်ဟု ဆိုကြသည်။ ဘိုးတော်ကရင် နတ်အာဝမရောက်မီ လူ့အာဝရှိနေစဉ်ကပင် ရပ်ရွာတွင် နတ်ကန္နားပေးသောအခါ ၄င်းအတွက် တစ်ပွဲသက်သက် ပသကြရ၍ တစ်ပွဲစားကြီးအဘိုးဟု ဆိုကြသည်။ ပင်လယ်ပိုင်းတွင် အထူးထင်ရှား၍ ရှိသေစွာ တင်မြှောက်ကြသည်။ ရေငံပိုင် ဦးရှင်ကြီးတင်သောအခါမှာလည်း အဘိုးအတွက် အောင်ပွဲတစ်ပွဲ တင်ဆက်ပြီး အဘိုး…အဘိုးနှင့် ကျယ်လောင်စွာ သုံးကြိမ် အော်ခေါ်ပြီး တင်မြှောက်ကြသည်။ အဘိုးသည် အသက်ကြီး၍ နားလေးနေသောကြောင့် အော်၍ တင်မြှောက်ကြလေသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## ဦးရှင်ကြီး နတ်တင်မြှောက်ခြင်း၏ လက်တွေ့အကျိုး

ဦးရှင်ကြီးနတ်အား တင်မြှောက်မသကြသည့် လူများထဲတွင် တရုတ်၊ ကုလားလူမျိုးများ အများအပြား တင်မြှောက်လာသည်ကို တွေ့မြင်ရလေသည်။ မေးကြည့်သောအခါတွင် ဦးရှင်ကြီးနတ်အား ယုံကြည်စွာ တင်မြှောက်၍ ကျန်းမာချမ်းသာပြီး ပစ္စည်းဥစ္စာများ တိုးတက်ပေါ်များလာကြသည်ဟု ပြောဆိုကြပေသည်။

ဤတွင် ကျွန်းစောင့်သခင် နတ်စောင်းရှင် ဦးရှင်ကြီးကိုးကွယ်တင်မြှောက်ပသနည်းနှင့် လက်တွေ့အကျိုးပြီး၏။

နေတ်ကိုကိုဇော်

BURMESE CLASSIC

www.burmeseclassic.com